ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အမိန့်ကြော်ငြာစာအမှတ်၊ ၅၂ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၂၃ ခုနှစ်၊ မေလ ၁၉ ရက်)

ပြန်အမ်းခြင်း(Refund) လုပ်ငန်းစဉ်အတွက် ပုံစံများသတ်မှတ်ထုတ်ပြန်ခြင်း

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၈၆၊ ပုဒ်မခွဲ(ခ) ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ၊ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတို့အရ ပြန်အမ်းခြင်းဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင် အသုံးပြုရမည့်ပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်သတ်မှတ်လိုက်သည်-

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၁။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ဝင်ငွေခွန် ပြန်အမ်းငွေ ပေါ်ပေါက်ကြောင်း အကြောင်းကြားစာ | ပတခ(ဝင)-၀၆-၀၁ |
| ၂။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ဝင်ငွေခွန် ပြန်အမ်းငွေ တောင်းခံခြင်းအတွက် လျှောက်လွှာ | ပတခ(ဝင)-၀၆-၀၂ |
| ၃။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေ ပေါ်ပေါက်ကြောင်း အကြောင်းကြားစာ | ပတခ(ကသခ)-၀၆-၀၁ |
| ၄။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ ကုန်သွယ်လုပ်ငန်းခွန် ပြန်အမ်းငွေ တောင်းခံခြင်းအတွက် လျှောက်လွှာ | ပတခ(ကသခ)-၀၆-၀၂ |
| ၅။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများနှင့် ယင်းတို့၏ သံရုံးဝန်ထမ်းများ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်များအတွက် ပြန်အမ်းငွေ တောင်းခံသည့် လျှောက်လွှာ | ပတခ(ကသခ)-၀၆-၀၂(က) |

| စဉ် | အကြောင်းအရာ | ပုံစံအမှတ် |
|---|---|---|
| ၆။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ အထူးကုန်စည်ခွန် ပြန်အမ်းငွေ ပေါ်ပေါက်ကြောင်း အကြောင်းကြားစာ | ပတခ(အထခ)-ဝ၆-ဝ၁ |
| ၇။ | အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ အရ အထူးကုန်စည်ခွန် ပြန်အမ်းငွေ တောင်းခံခြင်းအတွက် လျှောက်လွှာ | ပတခ(အထခ)-ဝ၆-ဝ၂ |

၂။ ဝင်ငွေခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၁၅၊ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ၏ စည်းမျဉ်း ၅၅၊ စည်းမျဉ်းခွဲ(ခ)၊ အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဃ)နှင့် အထူးကုန်စည်ခွန်နည်းဥပဒေများ၏ နည်းဥပဒေ ၆၃ တို့အရ ယခင်ထုတ်ပြန်ခဲ့သည့် ပုံစံများအနက် ပြန်အမ်းခြင်းဆိုင်ရာပုံစံများအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ပြီး ယခုထုတ်ပြန်သည့်ပုံစံများအား အသုံးပြုစေလိုက်သည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၁)/ ဥစ-၁/ ပတခ/ ၂၀၂၃ ( ၃၅၆၂ )
ရက် စွဲ ၊ ၂၀၂၃ ခုနှစ်၊ မေ လ ၁၉ ရက်

**ဖြန့်ဝေခြင်း**

ပြည်ထောင်စုဝန်ကြီးရုံး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ်အားလုံး

ဌာနခွဲညွှန်ကြားရေးမှူးအားလုံး

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(၁၊ ၂)

ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁၊ ၂၊ ၃၊ ၄၊ ၅)

တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးအားလုံး

ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး

} သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပါသည်။

ပြန်ကြားရေးအဖွဲ့ (နေပြည်တော်) } ပြည်တွင်းအခွန်များဦးစီးဌာန website တွင် လွှင့်တင်ရန် ညွှန်ကြားပါသည်။

အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း

မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ